# ပန်းတနော်တွင် သိမ်းထားသော လယ်အချို့ပန်ပေးမည်ဆို၍ လယ်သမားများ အချိန်မီ လယ်စိုက်လို

သတင်းရင်းမြစ် > ဖိုးစိုးသူ
အင်္ဂါနေ့၊ မေလ ၂၈ ရက် ၂၀၁၃ ခုနှစ် ၂၀ နာရီ ၀၄ မိနစ်

---

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်အတွင်း သိမ်းထားသော လယ်မြေအချို့ ပြန်ပေးမည်ဆို၍ လယ်သမားများ အချိန်မီလယ်စိုက်ရန် မျှော်လင့်နေကြောင်း ပန်းတနော်မြို့နယ် တောင်သူလယ်သမား ရေလုပ်သားဖွံ့ဖြိုးတိုးတက်ရေး သမဂ္ဂ အတွင်းရေး ဦးမောင်ငြိမ်းက မဇ္ဈိမသို့ ပြောကြားသည်။

ပန်းတနော်မြို့ နယ်အတွင်း ပြီးခဲ့သည့် ၂၀၀၃ ခုနှစ်တွင် ခနွဲကပိုကျေးရွာ၊ ပြလင်းကျေးရွာ၊ ထိန်ကုလား ကုန်းကျေးရွာ အစရှိသော ကျေးရွာအုပ်စုများမှ ဖိုးလမင်းကုမ္ပဏီက သိမ်းယူထားသော လယ်မြေ ဧက ၂၅၀၀ ခန့်မှ ဧက ၈၀၀ ခန့်ကို ပြန်ပေးရန်အတွက်ပြီးခဲ့သော ရက်ပိုင်းအတွင်း တိုင်းတာမှုများ ပြုလုပ်ပေးနေပြီ ဖြစ်သော်လည်း လယ်သမားများ လယ်တွင်းဆင်းရန်အတွက် ခွင့်ပြုချက် မရရှိသေးကြောင်း ဦးမောင်ငြိမ်းက ဆိုသည်။

လယ်သိမ်းခံမြေများနှင့် ပါတ်သက်၍ ပန်းတနော်မြို့နယ် ကုလားကုန်းကျေးရွာမှ လယ်ဧက ၇ ဧကခန့် သိမ်းဆည်းခံထားရသော ဦးမောင်မောင်အေးက "လယ်မြေတစ်ချို့ ပြန်ပေးမယ်ဆိုတဲ့ အသံတွေ ကြားရတာပဲရှိတယ်။ ဘာမှတော့ မသိရသေးဘူး။ လယ်သမားတွေကတော့ လယ်စိုက်ရဖို့ ပဲသိကြတယ်လေ။ တစ်ချို့ကတော့ လယ်တွေကို ပြန်ပြီး လုပ်ခွင့်မပေးရင် ဆန္ဒပြကြ မယ်လို့လည်း ပြောတယ်" ဟု မဇ္ဈိမကို ပြောသည်။

မိုးရာသီ ရောက်နေပြီဖြစ်သောကြောင့် လယ်သမားများက လယ်စိုက်လိုကြပြီး ပြန်ပေးမှု နှောင့်နှေးနေ ပါက ပြဿနာများ ဖြစ်ပွားနိုင်ကြောင်း ဦးမောင်ငြိမ်းကပြောသည်။

၎င်းက "လယ်သမားတွေ က မိုးရာသီ ရောက်လာပြီဆိုတော့ လယ်လုပ်ချင် နေကြပြီ။ ကြာလာရင် တင်းမာမှုတွေ ဖြစ်ပြီးဆန္ဒပြတာတွေ၊လယ် ထဲဆင်းတာတွေ ဖြစ်လာနိုင်တယ်။

ဒါကြောင့် ပြန်ပြီး လုပ်ကိုင်ခွင့် ပေးမယ်ဆိုရင်လည်း ဆင်လုပ် ခိုင်းသင့်နေပြီ။ စပါးစိုက် ရာသီကလည်း ရောက်လာတဲ့အတွက် လယ်သမားတွေ လယ်စိုက်ချင်နေကြပြီ" ဟု ဆိုပါသည်။

သိမ်းထားသောလယ်မြေများ ပြန်ပေးမည်ဆိုတာနှင့် ပတ်သက်ပြီး မဇ္ဈိမက ပန်းတနော်မြို့နယ် မြေစာရင်း ဦးစီးမှူးသို့ ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်မှု မရရှိခဲ့ပါ။ ပန်းတနော်မြို့နယ်အတွင်း လယ်သမားများထံမှ သိမ်းဆည်းထားသော လယ်မြေများကြောင့် လယ်သမားများ စီး ပွားရေး ၊ မိသားစု ကျန်းမာရေးနှင့် ကလေး များ၏ ပညာရေးများကို ထိခိုက်နစ်နာမှုများရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော် တောင် သူလယ်သမား ရေလုပ်သား သမဂ္ဂမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြော ပြသည်။

---